# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

June 14, 2024 | Volume 79, Number 10

၁၄.၆.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၃၁၅ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၅၅.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၂.၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၇၅.၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၈၉.၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၉.၅၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၁၃၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၂.၄၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၅.၁၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၇.၁၆၆ ကျပ် |

Source: CBM Rate, etrademyanmar.com

## မန္တလေးဈေးကွက်အတွင်း မတ်ပဲများ အရောင်းအဝယ်ကောင်းနေ

မန္တလေးဈေးကွက်အတွင်း မတ်ပဲများ အရောင်းအဝယ်ကောင်းနေကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောပြ၍သိရသည်။

နယ်စုံမှ ရေသွင်းစိုက်ပျိုးသည့် မတ်ပဲများသည် မန္တလေးဈေးကွက်အတွင်း ဇွန်လမှစ၍ လှိုင်လှိုင်ဝင်ရောက်လာပြီး အရည်အသွေးလည်းကောင်းမွန်လျက်ရှိကြောင်း မတ်ပဲဈေးနှုန်းများမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၂၀,၀၀၀ ဈေးရရှိကြောင်းသိရသည်။

"တပေါင်းလပြည့်ကျော်က ရေသွင်းစိုက်ခဲ့တဲ့ မတ်ပဲတွေ မန္တလေးဈေးကွက်ကို ဝင်ရောက်လာပါတယ်။ တောင်သူတွေ မတ်ပဲကို သီးထပ်စိုက်ပျိုးလို့ အောင်မြင်တဲ့ နှစ်လဲဖြစ်တယ်။ အိန္ဒိယနိုင်ငံနဲ့ဥရောပနိုင်ငံတွေက ဝယ်လိုအားကောင်းကောင်းနဲ့ ဝယ်ယူလာတာကြောင့် အရောင်းအဝယ်ကောင်းနေတာပါ။ အဲဒါကြောင့် မတ်ပဲဟာ အရင်နှစ်ထက် ဝယ်လိုအားများပြားနေတာဖြစ်ပါတယ်။ သီးထပ်အနေနဲ့စိုက်ပျိုးတာ အောင်မြင်ဖြစ်ထွန်းတာကြောင့် တောင်သူတွေ အကျိုးအမြတ်ရရှိတဲ့နှစ်လို့လဲပြောလို့ ရပါတယ်" ဟု ဦးစိုးဝင်းမြင့်ကပြောပြသည်။

လက်ရှိ မန္တလေးပဲဈေးကွက်သို့ ရေသွင်းစိုက်ပျိုးသည့် သီးထပ်မတ်ပဲများ ဝင်ရောက်လာသည့်ဒေသများမှာ ပခုက္ကူ၊ ရေစကြို၊ မြောင်၊ မတ္တရာ၊ စဉ့်ကူးမြို့နယ်တို့မှ ဖြစ်ကြောင်း၊ မတ်ပဲကို မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင်သာမက မြန်မာနိုင်ငံ အောက်ပိုင်းဒေသများဖြစ်သည့် ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတို့တွင်လည်း စိုက်ပျိုးထွက်ရှိကြောင်း ၎င်းကဆက်လက်ပြောပြ၍ သိရသည်။

Source: ရတနာပုံနေ့စဉ်သတင်းစာ

## ငွေဈေးမငြိမ်သဖြင့် ပဲကုန်သည်များထုတ်မရောင်းဘဲ အခြေအနေစောင့်ကြည့်နေ

လက်ရှိ ငွေကြေးတန်ဖိုး မတည်ငြိမ်ခြင်းနဲ့ ပဲဈေးနှုန်းတွေ ဆက်တိုက်တက်လာခြင်းတွေကြောင့် ပဲတွေကိုလက်ဝယ်ထားပြီး အခြေအနေစောင့်ကြည့်နေကြောင်း ပဲမျိုးစုံရောင်းဝယ်ရေး ကုန်သည်အသိုင်းအဝိုင်းကနေ သိရပါတယ်။

ဒါကြောင့် ပြည်ပဝယ်လက်တွေထံ ပဲမျိုးစုံတင်ပို့မှု ကျဆင်းလျက်ရှိတယ်လို့ ဧရာ ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ (Myantrade Ayeyarwady) က ဖော်ပြထားပါတယ်။ လက်ရှိ ရန်ကုန်ဘုရင့်နောင်ဈေးကွက်မှာ ပြည်ပဝယ်လိုအားရှိတဲ့ ပဲအမျိုးအစားတွေ ဈေးဆက်တိုက်မြင့်တက်နေပြီး မတ်ပဲတစ်တန် ၃,၄၅၀,၀၀၀ ကျပ်၊ ပဲစင်းငုံတစ်တန် ၄,၆၂၀,၀၀၀ ကျပ်အထိ အမြင့်ဈေးရောက်နေပါတယ်။

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

မြန်မာ့ပဲတွေရဲ့ အဓိကဝယ်လက်ဖြစ်တဲ့ အိန္ဒိယနိုင်ငံရဲ့ ဝယ်လိုအားကြောင့်လည်း မတ်ပဲဈေး ဆက်လက်မြင့်တက်နိုင်ခြေ ရှိနေပါတယ်။ မြန်မာပြည်တွင်းက လက်ရှိပဲဈေးနှုန်းက အနည်းငယ်ထပ်ပြီး တက်လာနိုင်ဦးမယ်လို့ Myantrade Ayeyarwaddy မှ တာဝန်ရှိသူတစ်ဦးက သုံးသပ်ထားပါတယ်။

အိန္ဒိယနိုင်ငံရဲ့ထုတ်ပြန်ချက်အရ ယခုနှစ်ပဲစင်းငုံစိုက်ပျိုးထွက်ရှိမှုက ယခင်နှစ်ထက်တန်ချိန် ၀ ဒသမ ၀၈ သန်းတိုးလာပြီး ယခုနှစ်မှာလည်း ပဲစင်းငုံတိုးချဲ့စိုက်ပျိုးနေတယ်လို့ ဆိုပါတယ်။

လာမဲ့ကာလတွေအတွင်း အိန္ဒိယရဲ့ ပဲစင်းငုံဝယ်လိုအား တက်လာနိုင်ပေမဲ့ မြန်မာပဲစင်းငုံ CNF ဈေးနှုန်းမြင့်လာခြင်း၊ အာဖရိကရဲ့ပဲစင်းငုံတင်ပို့မှုနဲ့ယှဉ်ပြိုင်ရနိုင်ခြင်း၊ အိန္ဒိယပဲခွဲစက်တွေက အာဖရိက ပဲစင်းငုံတွေ ပိုမိုဝယ်ယူနေခြင်းတွေကြောင့် မြန်မာပဲစင်းငုံဈေးကွက်အပေါ် သက်ရောက်မှုတွေရှိလာနိုင်တယ်လို့ သုံးသပ်ထားကြပါတယ်။

**Source: BETV Business**

## ပို့ကုန်ပဲများနှင့်မြေပဲဆန် ဆက်လက်ဈေးကောင်းနေသလို မြေပဲဆန်ဈေးကောင်း အဝယ်သွက်နေ

ပို့ကုန်မတ်ပဲနှင့်ပဲစင်းငုံဈေး ဆက်လက်ဈေးကောင်းနေသလို မြေပဲဆန်ဈေးမှာလည်း ဈေးကောင်းအဝယ်သွက်နေကြောင်း ပဲကုန်သည်များထံကသိရသည်။

ပို့ကုန်ပဲများမှာ ဇွန်လဆန်းပိုင်းကတည်းက ယခုချိန်ထိ ဈေးဆက်လက်ကောင်းနေပြီး ပြည်တွင်းပဲဆီဝယ်လိုအား ကောင်းလာတာကြောင့်လည်း မြေပဲဆန်ဈေးမှာ အနည်းငယ်ဈေးကောင်း အဝယ်သွက်နေခြင်းဖြစ်သည်။

ပို့ကုန်မတ်ပဲနှင့်ပဲစင်းငုံမှာ ယခုသီတင်းပတ်တွင် ဆက်လက်ဈေးကောင်းနေပြီး ပြည်တွင်းဆီစက်ပိုင်များ အပြိုင်အဆိုင် ဝယ်ယူမှုကြောင့် မြေပဲဆီဆန်နှင့်မြေပဲလုံးဆန်မှာ ဈေးကောင်းအဝယ်သွက်နေကြောင်း၊ ပြည်တွင်းကုလားပဲအုပ်စုမှာ ဈေးမြင့်တက်နေရာမှ အနည်းငယ်ဈေးကျဆင်းသလို ငွေပေးချေမှုပုံစံအလိုက် ဈေးအပြောင်းအလဲရှိနေကြောင်း ပြည်တွင်း သုံးပဲမာလိုင်းများလည်းဈေးအေးနေကြောင်း၊ မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်သွင် (ရွှေစင်သိန်းပွဲရုံ)က ပြောသည်။

"ပြည်တွင်းသုံးကုလားပဲတွေ ဈေးမြင့်တက်နေတာကနေ အနည်းငယ်ဈေးပြန်ကျဆင်းသွားပါတယ်။ ကုလားပဲအမျိုးအစား အလိုက် တစ်အိတ်ကို ငွေကျပ် ၂၀၀၀-၅၀၀၀ ကြား ဈေးကျဆင်းသွားတာပါ။ ပို့ကုန်မတ်ပဲနဲ့ပဲစင်းငုံကတော့ ဈေးဆက်လက် ကောင်းနေပါတယ်။ တရုတ်လိုင်းအဝယ်ရှိနေတဲ့ ပဲတီစိမ်းကတော့ တင်ပို့ရာလမ်းကြောင်းမကောင်းလို့ ဈေးကျဆင်းနေ ပါတယ်။ မြေပဲဆီဆန်ရော မြေပဲအနီလုံးဆန်ရော ဈေးမြင့်တက်အဝယ်သွက်နေပါတယ်။ ပြည်တွင်း ပဲဆီဝယ်လိုအားကောင်းလာသလို မြေပဲဆန်လည်း ဈေးကောင်းလာခြင်းဖြစ်ပါတယ်"ဟု ၎င်းကပြောသည်။

ဇွန် ၁၃ရက်တွင် ပို့ကုန်ပဲများ ဆက်လက်ဈေးမြင့်တက်နေရာ ပို့ကုန်မတ်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၂၅,၀၀၀၊ ပဲစင်းငုံ တစ်အိတ်လျှင်ငွေကျပ် ၄၄၂,၀၀၀ ပေါက်ဈေးဖြစ်လာသည်။ ပဲတီစိမ်းရွှေဝါ တစ်အိတ်လျှင် ငွေကျပ် ၂၁၄,၀၀၀၊ အညာ တစ်အိတ် လျှင် ငွေကျပ် ၁၉၇,၀၀၀ ပေါက်ဈေးဖြစ်လာသည်။

ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ ဆက်လက်ဈေးပြန်မြင့်တက်လာရာ ဇွန် ၁၃ ရက်တွင် ကုလားပဲ V2 တစ်အိတ်လျှင် ငွေကျပ် ၂၅၆,၀၀၀၊ ကုလားပဲ V7 တစ်အိတ်လျှင် ငွေကျပ် ၂၆၇,၀၀၀၊ ထိုင်ဝမ်ကုလားပဲ တစ်အိတ်လျှင် ငွေကျပ် ၂၃၉,၀၀၀၊ ၉၂၉ ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၄၅,၀၀၀ အသီးသီး ဈေးမြင့်တက်လာသည်။

ပို့ကုန်ပဲများနှင့်မြေပဲဆန်များသာ အရောင်းအဝယ်ကောင်းနေပြီး ပြည်တွင်းသုံးပဲမာလိုင်းများမှာ ပုံမှန်အရောင်းအဝယ် ပုံမှန်သာရှိနေ ရာ ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၂၈၀,၀၀၀၊ ပဲထောပတ်တစ်အိတ်လျှင် ငွေကျပ် ၄၁၅,၀၀၀၊ မြေထောက်ပဲ တစ်အိတ်လျှင် ငွေကျပ် ၃၄၅,၀၀၀၊ ကျွန်းစားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၂၈၅,၀၀၀၊ ပေါက်ဈေးရှိနေပြီး မြေပဲအနီ လုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၇၅၀၀ ပေါက်ဈေးရှိနေသည်။

ဇွန် ၁၃ ရက်တွင် နှမ်းမျိုးစုံ အနည်းငယ်ဆက်လက်မြင့်တက်လာရာ နှမ်းဖြူ(ဂျပန်) ၄၅ ပိဿာတစ်အိတ်လျှင် ငွေကျပ် ၄၅၀,၀၀၀၊ နှမ်းညိုတစ်အိတ်လျှင် ငွေကျပ် ၃၅၀,၀၀၀၊ နှမ်းနက် စမုန် တစ်အိတ်လျှင် ငွေကျပ် ၄၄၀,၀၀၀ အသီးသီးပေါက်ဈေး ရှိနေကြောင်းသိရသည်။

**Source: မကွေးဂျာနယ်**

## ညှော့မထဆန်၊ ဆန်ကွဲB(2,3,4)၊ ဖွဲနုဈေးများ ထပ်မံမြင့်တက်

ပဲခူးကုန်စည်ဒိုင်တွင် ဆန်မျိုးစုံ အရောင်းအဝယ်ဖြစ်လျက်ရှိရာ ၇.၆.၂၀၂၄ ရက်တွင် ညှော့မထဆန် (မနောသုခ) (ဟောင်း) တစ်အိတ် ၉၀,၀၀၀ ကျပ်၊ ညှော့မထဆန်(မနောသုခ)(သစ်) တစ်အိတ် ၇၅,၀၀၀ ကျပ်၊ ပေါ်ဆန်းမွှေး ဆန်တစ်အိတ် ၁၃၀,၀၀၀ ကျပ်၊ ဆန်ကွဲ B (1,2) တစ်အိတ် ၅၃၀၀၀ ကျပ်၊ ဆန်ကွဲ B (2,3,4) တစ်အိတ် ၅၀၀၀၀ ကျပ်နှင့် ဖွဲနုတစ်အိတ် ၁၅,၃၀၀ ကျပ်တို့ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။ ၁၄.၆.၂၀၂၄ ရက်တွင် ညှော့မထဆန် (မနောသုခ)(ဟောင်း) တစ်အိတ် ၉၅,၀၀၀ ကျပ်၊ ညှော့မထဆန်(မနောသုခ)(သစ်) တစ်အိတ် ၈၅,၀၀၀ ကျပ်၊ ပေါ်ဆန်းမွှေးဆန် တစ်အိတ် ၁၃၀,၀၀၀ ကျပ်၊ ဆန်ကွဲ B (1,2) တစ်အိတ် ၅၃,၀၀၀ ကျပ်၊ ဆန်ကွဲ B (2,3,4) တစ်အိတ် ၅၂,၀၀၀ ကျပ် နှင့် ဖွဲနုတစ်အိတ် ၁၅,၉၀၀ ကျပ်တို့ဖြင့် အရောင်းအဝယ် ဖြစ်လျက်ရှိသည်။

ယခုတစ်ပတ် ကာလတူ နှိုင်းယှဉ်ချက်အရ ညှော့မထဆန်(မနောသုခ)(ဟောင်း) တစ်အိတ် ၅၀၀၀ ကျပ်၊ ညှော့မထဆန် (မနောသုခ)(သစ်) တစ်အိတ် ၁၀၀၀၀ ကျပ်၊ ဆန်ကွဲ B (2,3,4) တစ်အိတ် ၂၀၀၀ ကျပ်နှင့် ဖွဲနုတစ်အိတ် ၆၀၀ ကျပ် တို့ဖြင့် ထပ်မံ၍ ဈေးမြင့်တက်ခဲ့ပါသည်။ ပေါ်ဆန်းမွှေးဆန်နှင့် ဆန်ကွဲ B (1,2) ဈေးများအနေဖြင့် ဈေးတည်ငြိမ်လျက်ရှိသည်။ ညှော့မထဆန် (မနောသုခ)(ဟောင်း)၊ ညှော့မထဆန် (မနောသုခ)(သစ်)၊ ဆန်ကွဲ B(2,3,4) နှင့် ဖွဲနုဈေးမြင့်တက်သွားခြင်းမှာ ဝယ်လိုအားကောင်းလာ၍ အဝယ်လိုက်လာခြင်းကြောင့် ဈေးမြင့်တက်သွားခြင်းဖြစ်ကြောင်း ပဲခူးကုန်စည်ဒိုင်ဥက္ကဋ္ဌထံမှ သိရသည်။

**Source: ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံး**

## မန္တလေးကုန်စည်ဒိုင်တွင် မြေပဲဆန်ကို ဆီစက်ပိုင်များ အဝယ်သွက်၍ဈေးမြင့်လာ

ဇွန်လဒုတိယပတ်အတွင်း မန္တလေးကုန်စည်ဒိုင်သို့ ရေဝတီမြစ်ရိုးတလျှောက်နှင့် အညာဒေသမှ မြေပဲဆန်များဝင်ရောက် နေကြောင်းသိရသည်။ မြေပဲဆန်များသည် တရုတ်ဝယ်လက်မှ ဝယ်ယူမှုအေးသော်လည်း စားအုန်းဆီဈေးမြင့်တက်လာ၍ စားအုန်းဆီအစား မြေပဲဆီစားသုံးမှု ပိုမိုများပြားလာပြီး ဆီစက်ပိုင်များမှ ဝယ်ယူနေသောကြောင့် ယခင်မေလလယ်လောက်မှစ၍ အရောင်းသွက်၍ ဆက်တိုက်ဈေးမြင့်လာကြောင်း မန္တလေးကုန်စည်ဒိုင်ဈေးကွက်မှ သိရသည်။

မြေပဲလုံးဆန် (နီ) တစ်ပိဿာလျှင် ယခုတစ်ပတ် ကျပ် ၈၀၀၀ မှ ၇၈၀၀၊ ယခင်တစ်ပတ် ကျပ် ၇၆၀၀ မှ ၇၄၀၀၊ ယခင်လကျပ် ၇၀၀၀ မှ ၆၈၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ကျပ် ၄၀၀၊ ယခင်လထက် ကျပ် ၁၀၀၀ မြင့်တက်လာသည်။ မြေပဲလုံးဆန် (ဖြူ) တစ်ပိဿာ ဈေးနှုန်းများမှာ ယခု တစ်ပတ် ကျပ် ၇၅၀၀ မှ ၇၃၀၀၊ ယခင်တစ်ပတ်ကျပ် ၇၄၀၀ မှ ၇၃၀၀၊ ယခင်လကျပ် ၇၃၀၀ မှ ၇၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ် ထက် ကျပ် ၁၀၀၊ ယခင်လထက်ကျပ် ၂၀၀ မှ ၃၀၀ မြင့်တက် လာသည်။

S1 ဆီဆန် တစ်ပိဿာလျှင် ယခုတစ်ပတ် ကျပ် ၇၅၀၀ မှ ၇၀၀၀၊ ယခင်တစ်ပတ်ကျပ် ၆၉၀၀ မှ ၆၄၀၀၊ ယခင်လကျပ် ၆၂၀၀ မှ ၆၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ကျပ် ၆၀၀၊ ယခင်လထက်ကျပ် ၁၀၀၀ မှ ၁၃၀၀ မြင့်တက်လာသည်။

**Source: မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး**

## စက်သုံးဆီဝယ်ယူတင်သွင်းရေးနှင့်စပ်လျဉ်း၍ PTT ၊ MPTA နှင့် စီးပွားရေးသံမှူးတို့တွေ့ဆုံခဲ့

ထိုင်းနိုင်ငံမှ စက်သုံးဆီဝယ်ယူတင်သွင်းရေးနှင့်စပ်လျဉ်း၍ MPTA၊ PTT တို့ ၁၇-၅-၂၀၂၄ ရက်တွင် ထိုင်းနိုင်ငံ PTT ရုံးချုပ်၌ တွေ့ဆုံဆွေးနွေးခဲ့ရာ စီးပွားရေးသံမှူးသည် Virtual စနစ်ဖြင့် ပါဝင်တက်ရောက်ခဲ့သည်။

ရှေးဦးစွာ MPTA ၏ နောက်ခံသမိုင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် လွန်ခဲ့သော ၁၅ နှစ်ဝန်းကျင်ခန့်က ရေနံ ကဏ္ဍသည် အစိုးရတစ်ဦးတည်းကသာ ကိုင်တွယ်ထားပြီး ပုဂ္ဂလိက ကဏ္ဍက ဆောင်ရွက်နိုင်ခြင်းမရှိပါကြောင်း၊ နာဂစ်မုန်တိုင်း ကာလများအလွန် ၂၀၀၈ ခုနှစ်မှစ၍ အစိုးရ၏ မူဝါဒသည် ပြောင်းလဲခဲ့ပြီး ပုဂ္ဂလိက ကဏ္ဍကို ဆောင်ရွက်ခွင့်ပေးခဲ့ပါကြောင်း၊ မြန်မာနိုင်ငံသားတိုင်း ရေနံကဏ္ဍတွင် လုပ်ငန်းလုပ်ကိုင်နိုင်သဖြင့် ပွင့်လင်းမြင်သာမှုရှိခဲ့ပြီး ကုန်သွယ်မှုလည်း ကောင်းမွန်ခဲ့ ပါကြောင်း၊ မြန်မာအစိုးရက ချမှတ်ထားသောမူဝါဒနှင့်လုပ်ထုံးလုပ်နည်းများအရ ပုဂ္ဂလိကကုမ္ပဏီများသည် အသင်းတစ်ခု၏

အဖွဲ့ဝင်ဖြစ်ရန်လိုအပ်ပါကြောင်း၊ ထိုမှစ၍ မြန်မာနိုင်ငံ စက်သုံးဆီရောင်းချဖြန့်ဖြူးရေးအသင်း (Myanmar Petroleum Trade Association-MPTA) ဖြစ်ပေါ်လာခဲ့ကြောင်း၊ ပုဂ္ဂလိက ကဏ္ဍမှ ဆီဖြန့်ဖြူးရောင်းချလိုသည့် လုပ်ငန်းရှင်များသည် MPTA ၏ အဖွဲ့ဝင် ဖြစ်ရန် လိုအပ်ပါကြောင်း၊ အဖွဲ့ဝင်ဖြစ်သည့် လုပ်ငန်းရှင်များသည် တင်သွင်း၊ သိုလှောင်နှင့် ဖြန့်ဖြူးခြင်း လုပ်ငန်းများကို ဆောင်ရွက်နိုင်ပါကြောင်း၊ နိုင်ငံသားတိုင်းကို အဆိုပါလုပ်ငန်းများ လုပ်ကိုင်ခွင့်ပေးခဲ့ကြောင်း ဆွေးနွေးသည်။

စက်သုံးဆီရောင်းဝယ်မှုကို မြန်မာနိုင်ငံသား မည်သူမဆို ဆောင်ရွက်နိုင်မှုနှင့်စပ်လျဉ်း၍ အစိုးရက မည်သို့ ထိန်းချုပ်သည်ကို သိလိုကြောင်း မေးမြန်းချက်အပေါ် အသင်းဖြစ်စေရေးအတွက် အစိုးရထံတွင် မှတ်ပုံတင်ရပါကြောင်း၊ အသင်းဖွဲ့စည်းရခြင်းသည် အစိုးရ၏ လမ်းညွှန်ချက်ကြောင့် ဖြစ်ပါကြောင်း၊ အစိုးရအနေဖြင့် ဈေးကွက်စီးပွားရေးစနစ်ကို သွားလိုသောကြောင့် နိုင်ငံသားတိုင်းအတွက် လွတ်လပ်ခွင့်ပေးခြင်း ဖြစ်ပါကြောင်း၊ နိုင်ငံသားတိုင်း လုပ်ငန်းဆောင်ရွက်နိုင်သော်လည်း MPTA နှင့် အစိုးရ၏ လုပ်ထုံးလုပ်နည်းများကို လိုက်နာရန်လိုအပ်ပါကြောင်း၊ MPTA သည် အစိုးရကိုယ်စား စက်သုံးဆီလုပ်ငန်း ဆောင်ရွက်လိုသည့် အသင်းဝင်များကို သွယ်ဝိုက်သောနည်းဖြင့် ထိန်းကျောင်းပေးပါကြောင်း၊ အစိုးရက MPTA ကို မည်သည်ကို ဆောင်ရွက်ရမည်/မဆောင်ရွက်ရမည်ကို ညွှန်ကြားချက်ပေးပါကြောင်း၊ မိမိတို့အနေဖြင့် အသင်းဝင်များကို အဆိုပါ လုပ်ထုံးလုပ်နည်းအတိုင်း စီမံခန့်ခွဲပါကြောင်း၊ အသင်းဝင်အဖြစ် အလွယ်တကူ လျှောက်ထားနိုင်ပါကြောင်း၊ စွမ်းအင်ဝန်ကြီးဌာနနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့က လုပ်ထုံးလုပ်နည်းများချမှတ်ပါကြောင်း၊ စက်သုံးဆီအရည်အသွေး၊ အရေအတွက်တို့နှင့်စပ်လျဉ်း၍ စွမ်းအင်ဝန်ကြီးဌာနက စီမံခန့်ခွဲပြီး သွင်းကုန်လိုင်စင် ကိစ္စရပ်များကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက ဆောင်ရွက်ပါကြောင်း ပြန်လည်ဆွေးနွေးသည်။

MPTA အဖွဲ့ဝင်တိုင်းသည် အစိုးရ၏လုပ်ထုံးလုပ်နည်းအတိုင်း ဆောင်ရွက်ပါက အသင်းဝင်များက စက်သုံးဆီကို နိုင်ငံအတွင်းသို့ တင်သွင်းဖြန့်ချိမည်ဆိုပါက အသင်းအနေဖြင့် ဈေးနှုန်းကို မည်ကဲ့သို့ထိန်းချုပ်သည်ကို သိလိုကြောင်း မေးမြန်းချက်အပေါ် မိမိတို့အနေဖြင့် စက်သုံးဆီလုပ်ငန်းကို ၂၀၀၈-၂၀၀၉ ခုနှစ်မှစ၍ လုပ်ကိုင်လာခဲ့ပါကြောင်း၊ အချိန်ကြာလာသည်နှင့်အမျှ မူဝါဒများလည်းပြောင်းလဲလာပါကြောင်း၊ သွင်းကုန်မူဝါဒနှင့်စပ်လျဉ်း၍ ယခင်က သွင်းကုန်မူဝါဒ သည် လွတ်လပ်ပါကြောင်း၊ မည်သူမဆို လွတ်လပ်စွာ တင်သွင်းနိုင်ပါကြောင်း၊ ယင်းအချိန်များတွင် နိုင်ငံခြားငွေပိုင်ဆိုင်မှုသည် ကောင်းမွန်ပါကြောင်း၊ ထို့ကြောင့် တင်သွင်းသူများသည် မည်သည်ကို တင်သွင်းလိုသည်ဖြစ်စေ တင်သွင်းနိုင်ကြောင်း၊ ဈေးနှုန်း မူဝါဒသည်လည်း လွတ်လပ်ပြီး ဈေးကွက်စီးပွားရေးအရ အချင်းချင်းယှဉ်ပြိုင်နိုင်ပါကြောင်း၊ မည်သူမဆို တင်သွင်းနိုင်ပြီး ယှဉ်ပြိုင်နိုင်ပါကြောင်း၊ တင်သွင်းမှုအပေါ် အကန့်အသတ်မရှိသကဲ့သို့ ဈေးနှုန်းအပေါ်တွင်လည်း ထိန်းချုပ်မှု မရှိပါကြောင်း၊ ၃ နှစ်ကြာပြီးနောက် အရန်နိုင်ငံခြားငွေတွင် စတင်ကျပ်တည်းမှုရှိလာပါကြောင်း၊ ထို့ကြောင့် တင်သွင်းမှုအပေါ် စတင်ထိန်းချုပ်လာပါကြောင်း၊ စက်သုံးဆီတင်သွင်းသည့် ကဏ္ဍသည်လည်း ထိန်းချုပ်သည့်ကဏ္ဍတစ်ခုဖြစ်လာပါကြောင်း၊ တင်သွင်းမှုနှင့် ဖြန့်ချိမှု သည် ဆက်စပ်နေသဖြင့် တင်သွင်းမှုကို ထိန်းချုပ်သကဲ့သို့ ဖြန့်ချိမှုတွင်လည်း ထိန်းချုပ်ပါကြောင်း၊ အစိုးရသည် သုံးစွဲသူများကို မထိန်းချုပ်ထားဘဲ ကိုယ်တိုင်အသုံးပြုသည်ဖြစ်စေ၊ လုပ်ငန်းသုံးအတွက်ဖြစ်စေ အသုံးပြုနိုင်သဖြင့် ယင်းသည် ဝယ်လိုအား ဖြစ်လာပါကြောင်း၊ သုံးစွဲသူများသည် ဖြန့်ချိသူများထံမှဝယ်ယူနိုင်ပြီး ဖြန့်ချိသူများကို တင်သွင်းသူများက Supply လုပ်ပါ ကြောင်း၊ ထို့ကြောင့် တင်သွင်းသူများအနေဖြင့် ပမာဏမည်မျှ Supply လုပ်ရမည်ဆိုသည်ကို ဆုံးဖြတ်ရပါကြောင်း၊ ထို့ကြောင့် တစ်ဦးချင်းအသုံးပြုရန်နှင့် စက်ရုံအသုံးပြုရန်အတွက် လိုအပ်သော စက်သုံးဆီပမာဏကို အသင်းချုပ်အနေဖြင့် စွမ်းအင်ဝန်ကြီး ဌာနထံ အချက်အလက်တောင်းခံ၍ လစဉ်တွက်ချက်ပြီး စွမ်းအင်ဝန်ကြီးဌာနသို့ပေးပို့ရပါကြောင်း၊ အဆိုပါ အချက်အလက် များကိုစိစစ်၍ ခွင့်ပြုပေးပါကြောင်း၊ တွက်ချက်မှုနှင့် ယခင်နှစ်လစဉ်သုံးစွဲမှုပေါ်မူတည်၍ ဝယ်လိုအားသည် ပြောင်းလဲမှု ရှိပါကြောင်း၊ ဝယ်လိုအားကို ပြည့်မီစေရေးအတွက် မည်မျှတင်သွင်းရမည်ကို စဉ်းစားရပါကြောင်း ပြန်လည်ဆွေးနွေးသည်။

PTT အနေဖြင့် ယခင်က MPGE နှင့် joint venture ဆောင်ရွက်ဖူးသော်လည်း ငွေပေးချေမှုတစ်ခု ပြဿနာဖြစ်ပေါ်ခဲ့သဖြင့် ရပ်ဆိုင်းခဲ့ခြင်းဖြစ်ပါကြောင်း၊ ယင်းသို့ဖြစ်ပွားရခြင်းမှာ Third Party ကြောင့် ဖြစ်နိုင်ပါကြောင်း၊ မိမိတို့အနေဖြင့် တိုက်ရိုက် တင်ပို့ခြင်းမဟုတ်ဘဲ ထိုင်းတင်ပို့သူမှတစ်ဆင့် Refinery များမှတင်ပို့ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံနှင့် PTT တို့သည် ကောင်းမွန်သောဆက်ဆံရေးရှိပါကြောင်း၊ ယခင်ဖြစ်ပွားခဲ့သည့်ကိစ္စရပ်ကြောင့် မိမိတို့အနေဖြင့် များစွာစဉ်းစားနေရပါကြောင်း၊ ထို့ကြောင့် ပိုမိုသေချာစေရေးအတွက် အချက်အလက်များပြည့်စုံစွာလိုအပ်ပါကြောင်း၊ PTT အနေဖြင့် FOB ထက် CIF က

ပိုမိုအဆင်ပြေပါကြောင်း PTT က ဆွေးနွေးသည်။

MPTA အဖွဲ့ဝင်ဖြစ်သော မည်သည့်ကုမ္ပဏီဖြစ်စေ PTT ထံမှ စက်သုံးဆီဝယ်ယူတင်သွင်းလိုပါက PTT အနေဖြင့် တိုက်ရိုက်ဆွေးနွေးနိုင်ပါကြောင်း၊ တင်သွင်းမှုနှင့်စပ်လျဉ်း၍ အစိုးရ၏လမ်းညွှန်မှုနှင့် MPTA လုပ်ထုံးလုပ်နည်းများကို လိုက်နာရန် လိုအပ်မည်ဖြစ်ကြောင်း၊ ပထမအဆင့်ခွဲတမ်းနှင့် ဒုတိယအဆင့်လိုင်စင်နှင့် တတိယအဆင့်ဈေးနှုန်းတို့ဖြစ်ကြောင်း၊ ဈေးနှုန်းနှင့်တင်သွင်းမှုသည် ထိန်းချုပ်ထားသဖြင့် Supplier များအနေဖြင့် Concern ရှိနေပါကြောင်း MPTA က ပြန်လည်ဆွေးနွေးသည်။

MPTA အနေဖြင့် အခြားသော စက်သုံးဆီ Supplier များထံမှ CIF ဖြင့်သာ ဝယ်ယူသောကြောင့် middle man ကို ရှာဖွေ၍ PTT က Middle man ထံသို့ FOB ဖြင့် ရောင်းချ၍ MPTA က အဆိုပါ middle man ထံမှ CIF ဝယ်ယူနိုင်ရေး ဆွေးနွေးနိုင်ကြောင်း MPTA က ပြန်လည်ဆွေးနွေးသည်။

Middle man ကို မည်သို့ထိန်းချုပ်မည်ကို မေးမြန်းရာ MPTA က ဘဏ်အနေဖြင့် အဆိုပါ middle man ကို ထိန်းချုပ်နိုင်ကြောင်း၊ Middle man သည် MPTA ၏ အသင်းဝင်မဖြစ်သော်လည်း ဘဏ္ဍာရေးကိစ္စ အဆင်ပြေအောင် ဆောင်ရွက်နိုင်သူဖြစ်ပါက PTT နှင့် MPTA တို့ လက်ခံနိုင်သူဖြစ်ကြောင်း ပြန်လည်ဆွေးနွေးသည်။

Third party သည် နှစ်ဖက်စလုံး၏ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်မည့်သူဖြစ်ရန် လိုအပ်ကြောင်း၊ CIF အတွက် ဘဏ်များက ဆောင်ရွက်ပေးနိုင်သော်လည်း FOB အတွက်မူ ကန့်သတ်ချက်များ ရှိပါကြောင်း၊ ငွေပေးချေမှုနှင့်စပ်လျဉ်း၍ လတ်တလောတွင် အမေရိကန်ဒေါ်လာဖြင့် ဆောင်ရွက်နေသော်လည်း ဘတ်ငွေဖြင့် ပေးချေရမည်ဆိုပါက ပိုမိုအဆင်ပြေပါကြောင်း MPTA က ပြန်လည်ဆွေးနွေးသည်။

အမေရိကန်ဒေါ်လာ သုံးစွဲမှုနှင့်စပ်လျဉ်း၍ ပိတ်ဆို့ကန့်သတ်ချက်များရှိနေသောကြောင့် ဘတ်ငွေဖြင့် ပေးချေမှု ဆောင်ရွက်မည်ဆိုပါက PTT အတွက်လည်း အဆင်ပြေပါကြောင်း PTT က ပြန်လည်ဆွေးနွေးသည်။ မြန်မာနိုင်ငံသည် ထိုင်းနိုင်ငံနှင့် ကုန်သွယ်မှုများစွာဆောင်ရွက်နေသဖြင့် ဘတ်ငွေရရှိပါကြောင်း၊ အဆိုပါဘတ်ငွေကို ပြန်လည်အသုံးပြုမည်ဆိုပါက အမေရိကန်ဒေါ်လာ၏ ဖိအားသက်သာသွားမည် ဖြစ်ပါကြောင်း၊ Transaction lost များကိုလည်း ကင်းလွတ်ခွင့်ရရှိမည် ဖြစ်ကြောင်း MPTA က ပြန်လည်ဆွေးနွေးသည်။

မြန်မာနိုင်ငံတွင် Terminal ၈ ခုရှိပြီး ၄၀၀,၀၀၀ မက်ထရစ်တန်သိုလှောင်နိုင်ပါကြောင်း၊ Jetty capacity သည် ၃၅ KT ဖြစ်ပါကြောင်း၊ gasoil နှင့် gasoline ဝယ်ယူလိုခြင်းဖြစ်ကြောင်း၊ gasoil သည် 10 PPM နှင့် 500 PPM ဖြစ်ကြောင်း၊ gasoline အမျိုးအစားတွင် 95 ရှိ/မရှိ မေးမြန်းရာ ထိုင်းနိုင်ငံတွင် 95 ပြတ်တောက်နေပြီး မတင်ပို့နိုင်ပါကြောင်း ဆွေးနွေးသည်။

logistic နှင့်စပ်လျဉ်း၍ ကုန်းလမ်းနှင့် ရေကြောင်းလမ်းတို့မှသယ်ယူခြင်းသည် စင်ကာပူမှသယ်ယူခြင်းထက် စရိတ်ကြီးမြင့်သဖြင့် ထပ်မံဆွေးနွေးရန်လိုအပ်ပါကြောင်း၊ ထို့ကြောင့် စင်ကာပူနိုင်ငံရှိ PTT ၏ ရုံးခွဲမှတစ်ဆင့်ဝယ်ယူခြင်း သို့မဟုတ် PTT ၏ Refinery များမှ မြန်မာနိုင်ငံရှိ Terminal သို့ ဈေးနှုန်းချိုသာစွာ သယ်ယူပို့ဆောင်ပေးနိုင်မည့် Third Party လိုအပ်ပါကြောင်း၊ ဆီအရည်အသွေးသည် စင်ကာပူသတ်မှတ်ချက် အတိုင်းဖြစ်လိုပါကြောင်း ဆွေးနွေးခဲ့သည်။

Third Party အနေဖြင့် ဆောင်ရွက်မည့်ကုမ္ပဏီ/လုပ်ငန်းရှင်များ၏စာရင်းကို MPTA မှ ပံ့ပိုးပေးစေလိုကြောင်း၊ အဆိုပါ စာရင်းပေါ်မူတည်၍ မိမိတို့အနေဖြင့် ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်သည့်လုပ်ငန်းစဉ်များကို ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ Logistic နှင့်စပ်လျဉ်း၍ အသေးစိတ်ထပ်မံဆွေးနွေးသွားရန်လိုအပ်မည်ဖြစ်ကြောင်း PTT မှ ပြန်လည်ဆွေးနွေးသည်။

**Source: သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့။**

https://myantrade.gov.mm/

## ထိုင်းနိုင်ငံအစိုးရ၏ ၁၀ စုနှစ်ကြာ သိုလှောင်ထားသော ဆန်ဟောင်းများအား လေလံတင်ရောင်းချမည့်ပွဲတွင် ပို့ကုန်လုပ်ငန်းရှင်များစွာကို ဆွဲဆောင်နိုင်ခဲ့

ထိုင်းနိုင်ငံအစိုးရ၏ ဆယ်စုနှစ် ၁ ခုကြာမြင့်အောင် သိမ်းဆည်းထားခဲ့သည့် ဆန်များအား ရောင်းချမည့် လေလံပွဲတွင် ကုမ္ပဏီ ၈ ခုက စိတ်ဝင်စားခဲ့ပြီး ခန့်မှန်းထားသည်ထက် စိတ်ဝင်စားမှု မြင့်တက်ခဲ့ကြောင်း သိရှိရသည်။

ထိုင်း Hom mali စပယ်ဆန် တန်ချိန် ၁၅,၀၀၀ ကို ရောင်းချနိုင်ရေးနှင့်စပ်လျဉ်း၍ Public Warehouse Organization က တိုးတက်မှုအခြေအနေကို အစီရင်ခံတင်ပြခဲ့ကြောင်း၊ စိတ်ဝင်စားသည့် ကုမ္ပဏီများကို စိစစ်နိုင်ရေးအတွက် လိုအပ်သော အချက်အလက်များတင်ပြရန် ဖိတ်ခေါ်ခဲ့ကြောင်း၊ ပို့ကုန်လုပ်ငန်းရှင် ကုမ္ပဏီ ၈ ခုက လေလံစာရွက်စာတမ်းများ တင်ပြခဲ့ကြောင်း၊ လေလံအတွက် အရည်အချင်းပြည့်မီသူကို ဇွန်လ ၁၃ ရက်တွင် ထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်ပြီး ဇွန်လ ၁၇ ရက်နေ့တွင် လေလံတင်ရမည်ဖြစ်ကြောင်း၊ ဇွန်လ ၂၀ ရက်နေ့တွင် အောင်မြင်သူကို ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ Mr. Wittayakorn Maneenetr က ပြောကြားခဲ့သည်။

လေလံပွဲမှ ဝင်ငွေ ဘတ်သန်း ၂၇၀ ရရှိရန် ခန့်မှန်းထားပြီး သိုလှောင်မှုအတွက် ကုန်ကျစရိတ် ၁ လလျှင် ဘတ် ၃၈၀,၀၀၀ ကိုလည်း သက်သာသွားစေမည် ဖြစ်ကြောင်း၊ လုပ်ငန်းညွှန်းတမ်းအရ လေလံအောင်မြင်ပြီးနောက် ၁၅ ရက်အတွင်း ဝယ်ယူရေးစာချုပ်ကို Public Warehouse Organization (PWO) နှင့် ချုပ်ဆိုရမည်ဖြစ်ကြောင်း၊ လေလံအောင်မြင်သူက စာချုပ်မချုပ်ဆိုနိုင်ပါက အမြင့်ဆုံး နောက်တစ်ဦးကို စာချုပ်ချုပ်ဆိုရန် အခွင့်အရေးပေးမည်ဖြစ်ကြောင်း၊ ကမ်းလှမ်းချက်သည် လေလံအောင်မြင်သူ၏ လေလံအောက်နည်းပါက ကုမ္ပဏီသည် ကွာခြားချက်ဈေးနှုန်းကို PWO ကို ပေးရမည်ဖြစ်ကြောင်း သိရှိရသည်။

ယခုနှစ် ပထမ ၄ လအတွင်း ဆန်တင်ပို့မှုခဲ့မှုသည် တန်ချိန် ၃ ဒသမ ၄ သန်းရှိပြီး ဘတ် ၇၈ ဒသမ ၅ ဘီလီယံ ရရှိခဲ့သည်ဟု အကောက်ခွန်ဦးစီးဌာနက ထုတ်ပြန်ထားပါကြောင်း၊ ထိုင်းဆန်ပို့ကုန်လုပ်ငန်းများအသင်းက ၂၀၂၄ ခုနှစ် မေလအတွင်း ပို့ကုန်ပမာဏသည် တန်ချိန် ၉၀၀,၀၀၀ ထက်ကျော်လွန်နိုင်သည်ဟု ခန့်မှန်းထားခဲ့ပါကြောင်း၊ အစိုးရအချင်းချင်း စာချုပ်အရ အင်ဒိုနီးရှားသို့ပေးပို့ရန် စာချုပ်များရှိပြီးဖြစ်ကြောင်း၊ ပုဂ္ဂလိကရောင်းချမှုအနေဖြင့် ဖိလစ်ပိုင်၊ မလေးရှား၊ ဂျပန်၊ အာဖရိက နိုင်ငံများ၊ အရှေ့အလယ်ပိုင်းနှင့်အလယ်ပိုင်းအမေရိကသို့ ရောင်းချလျက်ရှိပါကြောင်း၊ ထိုင်းနိုင်ငံ၏ ဆန်ပို့ကုန် အဓိကဈေးကွက်များမှာ အမေရိကန်၊ ကနေဒါ၊ ဟောင်ကောင်၊ စင်ကာပူ၊ ပြင်သစ်နှင့် ယူကေတို့ဖြစ်ကြောင်း၊ ထိုင်းဆန်သည် အခြားသော ပြိုင်ဘက်နိုင်ငံများ၏ ဆန်ဈေးနှုန်းထက်မြင့်မားနေသောကြောင့် ယခုနှစ် တတိယ ၃ လပတ်တွင် ဈေးကွက်အချို့ကို ဆုံးရှုံးရနိုင်ကြောင်း၊ အထူးသဖြင့် အာဖရိကသို့တင်ပို့လျက်ရှိသည့် ပေါင်းဆန်အမျိုးအစားဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး Mr. Phumtham Wechayachai က ပြောကြားခဲ့သည်။

ဇွန်လ ၅ ရက်နေ့ ဈေးနှုန်းဖော်ပြချက်များအရ ဆန်ဖြူ ၅ ရာခိုင်နှုန်း ဈေးနှုန်းများမှာ ၁ တန်လျှင် ထိုင်းသည် အမေရိကန်ဒေါ်လာ ၆၄၇၊ ဗီယက်နမ်သည် အမေရိကန်ဒေါ်လာ ၅၇၃ နှင့် ၅၇၇ ကြားနှင့် ပါကစ္စတန်သည် အမေရိကန်ဒေါ်လာ ၅၈၇ မှ ၅၉၁ ကြားဖြစ်ပါကြောင်း၊ ပေါင်းဆန်ဈေးနှုန်းများမှာ ၁ တန်လျှင် ထိုင်းသည် အမေရိကန်ဒေါ်လာ ၆၃၆၊ အိန္ဒိယသည် အမေရိကန် ဒေါ်လာ ၅၄၂ မှ ၅၄၆ ကြားနှင့် ပါကစ္စတန်သည် အမေရိကန်ဒေါ်လာ ၅၉၅ မှ ၅၉၉ ကြားဖြစ်ကြောင်း သိရသည်။

**Source: www.bangkokpost.com**

**သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့။**

https://myantrade.gov.mm/

## ဗီယက်နမ်နိုင်ငံတွင် ကော်ဖီတင်ပို့မှုဈေးနှုန်းများ မြင့်တက်လျက်ရှိ

၂၀၂၄ ခုနှစ် ပထမ ၅ လအတွင်း ဗီယက်နမ်နိုင်ငံမှကော်ဖီ တင်ပို့သည့် ဈေးနှုန်းသည် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃,၄၈၂ ရှိပြီး ၅၀ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း The Saigon Times အွန်လိုင်းသတင်း ဖော်ပြချက်အရသိရသည်။

ဗီယက်နမ်ကော်ဖီနှင့်ကိုကိုးအသင်း (VICOFA) ၏ အချက်အလက်များအရ ဗီယက်နမ်နိုင်ငံမှ Robusta ကော်ဖီစေ့တန်ချိန် ၇၁,၅၇၀ နီးပါး တင်ပို့ခဲ့ကြောင်း၊ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃,၉၂၀ ရှိပြီး Arabica ကော်ဖီတင်ပို့မှုအနေဖြင့် တန်ချိန် ၆,၈၃၀ တင်ပို့ခဲ့ပြီး တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃,၈၈၈ ရှိကြောင်း သိရသည်။ နှစ်ပေါင်း ၅၀ အတွင်း Arabica ကော်ဖီစေ့ ဈေးနှုန်းသည် Robusta ကော်ဖီစေ့ဈေးနှုန်းထက် မြင့်မားခြင်းဖြစ်သည်။

၂၀၂၁-၂၀၂၂ ခုနှစ် ကော်ဖီရာသီတွင် Robusta ကော်ဖီဈေးနှုန်းများသည် Arabica ကော်ဖီ ဈေးနှုန်းထက် သိသိသာသာ လျော့ကျခဲ့ပြီး Robusta တစ်တန်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ ၁,၉၈၀ နှင့် Arabica ကော်ဖီတစ်တန်လျှင် အမေရိကန်

ဒေါ်လာ ၄,၃၃၃ ဖြစ်ကြောင်း ဖော်ပြထားသည်။ ၂၀၂၂-၂၀၂၃ ခုနှစ် အတွင်း ကော်ဖီအမျိုးအစားနှစ်ခုကြား တင်ပို့ရာတွင် စျေးနှုန်းကွာခြားမှု အနည်းငယ်သာရှိပြီး ၂၀၂၄ မေလတွင် Robusta ၏ တင်ပို့မှုစျေးနှုန်းသည် Arabica ထက် စျေးပိုများကြောင်း သိရသည်။

VICOFA ၏ အဆိုအရ Robusta နှင့် Arabica အကြား စျေးနှုန်းအပြောင်းအလဲမှာ Robusta ကော်ဖီစေ့များ၏ ဝယ်လိုအား မြင့်တက်လာသောကြောင့်ဖြစ်ကြောင်း၊ ကော်ဖီဝယ်ယူ ထုတ်လုပ်သူများအနေဖြင့် ၎င်းတို့အတွက် အမြတ်အစွန်းများသည့် Robusta ကော်ဖီစေ့ ဝယ်ယူနေသည့်အတွက် Arabica ကော်ဖီစေ့ထက် စျေးနှုန်းမြင့်တက်လာခြင်းဖြစ်ကြောင်း သိရသည်။

ဗီယက်နမ်ကော်ဖီစေ့တင်ပို့မှု စျေးနှုန်းသည် ယခုနှစ် ပထမ (၅) လတွင် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃,၄၈၂ ဝန်းကျင်သို့ ရောက်ရှိခဲ့ပြီး ၂၀၂၃ ခုနှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၅၀ ရာခိုင်နှုန်းနီးပါး မြင့်တက်လာခဲ့ကြောင်းနှင့် အဆိုပါကာလအတွင်း ဗီယက်နမ်နိုင်ငံမှ ကော်ဖီတင်ပို့မှုမှ ဝင်ငွေအမေရိကန်ဒေါ်လာ ၂ ဒသမ ၉ ဘီလီယံ ရရှိခဲ့ကြောင်း ဖော်ပြထားသည်။


ဗီယက်နမ်နိုင်ငံ အလယ်ပိုင်း ကုန်းမြင့်ဒေသများရှိ ကော်ဖီစျေးနှုန်းများသည် မကြာခဏပြောင်းလဲလျက်ရှိပြီး လက်ရှိတွင် တစ်ကီလိုဂရမ်လျှင် ဗီယက်နမ်ဒေါင် ၁၂၀,၀၀၀ ရှိကြောင်းနှင့် အချို့သောအချိန်များတွင် တစ်ကီလိုဂရမ်လျှင် ဗီယက်နမ်ဒေါင် ၁၂၆,၀၀၀ အထက်သို့ မြင့်တက်သည့် အခြေအနေများလည်းရှိကြောင်း ဖော်ပြထားပါသည်။

**Source: The Saigon Times**

**(စီးပွားရေးသံမှူး၊ ဗီယက်နမ်)**

https://myantrade.gov.mm/

## STOCK EXCHANGE (14.6.2024)




Stock trading data

As of 14th Jun. 2024

Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 71,296 (Shares) | 165,190,200 (MMK) |

Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,300 | +100 | +1.09% | 9,200 | 9,300 | 9,200 | 1,279 | 11,767,800 | 33,109,694 | 307,920 |
| MTSH | 00002 | 3,250 | +0 | +0.00% | 3,250 | 3,250 | 3,250 | 775 | 2,518,750 | 38,929,150 | 126,520 |
| MCB | 00003 | 8,400 | +100 | +1.20% | 8,400 | 8,400 | 8,400 | 4 | 33,600 | 10,400,986 | 87,368 |
| FPB | 00004 | 1,750 | +0 | +0.00% | 1,750 | 1,750 | 1,700 | 260 | 451,250 | 29,664,613 | 51,913 |
| TMH | 00005 | 2,900 | +50 | +1.75% | 2,900 | 2,900 | 2,900 | 7 | 20,300 | 12,823,224 | 37,187 |
| EFR | 00006 | 2,000 | +100 | +5.26% | 1,900 | 2,000 | 1,900 | 591 | 1,144,900 | 19,977,223 | 39,955 |
| AMATA | 00007 | 5,000 | +100 | +2.04% | 5,000 | 5,000 | 5,000 | 20 | 100,000 | 10,497,598 | 52,488 |
| MAEX | 00008 | 3,350 | +50 | +1.52% | 3,350 | 3,350 | 3,350 | 3,046 | 10,204,100 | 23,804,946 | 79,747 |




Market summary

As of 14th Jun. 2024

Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 415.18 | +4.90 | +1.19% | 411.17 | 415.18 | 411.17 | 5,982 | 26,240,700 | 8 | 783,098 |

## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 14th Jun. 2024

| Trading Volume | Trading Value |
|---|---|
| 71,296 (Shares) | 165,190,200 (MMK) |

### Main Board

As of 1:00 pm, 14th Jun. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 71,296 (Shares) | 165,190,200 (MMK) |

| MYANPIX | 415.18 ▲ 4.90 |
|---|---|
| Total Volume (shares) | 5,982 |
| Total Value (MMK) | 26 mil |
| Listed Company | 8 |
| Market Cap. (MMK) | 783,098 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,300 | ▲ 100 |
| MTSH | 00002 | 3,250 | ▲ 0 |
| MCB | 00003 | 8,400 | ▲ 100 |
| FPB | 00004 | 1,750 | ▲ 0 |
| TMH | 00005 | 2,900 | ▲ 50 |
| EFR | 00006 | 2,000 | ▲ 100 |
| AMATA | 00007 | 5,000 | ▲ 100 |
| MAEX | 00008 | 3,350 | ▲ 50 |

TIR